# တံပ်ဖွံ့ရ်ပိုန်လောတ်ကပိုန်တအောင်း

# Palaung State Liberation Front

မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ရေသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-**PSLF** အမိန့်ကြော်ငြာစာ

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄

ရက်စွဲ။ ။ ၃၀ ရက်၊ မေလ၊ ၂၀၁၄ ခု

(၁) မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အတွင်းရှိ ရေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ရှားပါးခြင်း၊ ပပျောက်ခြင်း များ မရှိစေရန်နှင့် ဒေသအတွင်း ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကြိုတင် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - P.S.L.F ဗဟိုအထွေထွေအုပ်ချုပ်ရေးဌာနမှ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(၂) မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ရှော့တိုက်ခြင်း၊ ဆေးဖြန်းခြင်းကြောင့် ငါးမျိုးပြုန်းတီးခြင်း၊ အခြားရေသတ္တဝါများနှင့် ၎င်းတို့၏ သားလောင်းများ၊ ဥများ ပျက်စီးစေနိုင်ပြီး ရေရှည်တွင် တအာင်းဒေသ တစ်ခုလုံး ငါးမျိုးရှားပါးခြင်း၊ ပပျောက်ခြင်းဖြစ်ပေါ်စေနိုင်ပါသည်။

(၃) သို့ဖြစ်ပါ၍ ရေသတ္တဝါများကာကွယ်နိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ တွင် ရှော့တိုက်ခြင်း၊ ဆေးဖြန်းခြင်းများ ပြုလုပ်ပါက P.S.L.F/T.N.L.A သတ်မှတ်ထားသည့် ဥပဒေ စည်းမျဉ်းအရ ထိရောက်စွာ အရေးယူမည် ဖြစ်ကြောင်းအမိန့်ထုတ်ပြန်လိုက်သည်။

အမိန့်အရ-

တားအိုမ်တမာဝ်း
ဗဟိုအထွေထွေအုပ်ချုပ်ရေးမှူး
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-PSLF